ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၈ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၁)

၂၀၁၈ခုနှစ်၊ မေလ ၉ ရက်

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁-၄ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက် | ၄-၅ |
| ၄။ | အခန်း(၃) အငှားဂရန် လိုင်စင်လျှောက်ထားခြင်း၊ လျှောက်ပေးခြင်း | ၅-၆ |
| ၅။ | အခန်း(၄) အခွန်အခပေးဆောင်ခြင်း | ၆-၇ |
| ၆။ | အခန်း(၅) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း | ၇-၈ |
| ၇။ | အခန်း(၆) ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ | ၈-၉ |
| ၈။ | အခန်း(၇) ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ | ၉-၁၀ |
| ၉။ | အခန်း(၈) တိုင်းဒေသကြီး ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၀-၁၂ |
| ၁၀။ | အခန်း(၉) ပြန်အမ်းငွေလျှောက်ထားခြင်း | ၁၂-၁၃ |
| ၁၁။ | အခန်း(၁၀) ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း | ၁၃ |
| ၁၂။ | အခန်း(၁၁) စစ်ဆေးအရေးယူခြင်း | ၁၃-၁၄ |
| ၁၃။ | အခန်း(၁၂) အယူခံခြင်း | ၁၄-၁၅ |
| ၁၄။ | အခန်း(၁၃) တားမြစ်ချက်များ | ၁၅-၁၇ |
| ၁၅။ | အခန်း(၁၄) ပြစ်ဒဏ်များ | ၁၇-၁၈ |
| ၁၆။ | အခန်း(၁၅) အထွေထွေ | ၁၈-၁၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
**ပဲခူးတိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေ**
**၂၀၁၈ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၁**
**၁၃၈၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်**
**( ၂၀၁၈ ခုနှစ်၊ မေ လ ၉ ရက် )**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **တိုင်းဒေသကြီးဆိုသည်မှာ** ပဲခူးတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့ဆိုသည်မှာ** ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာနဆိုသည်မှာ** တိုင်းဒေသကြီးအစိုးရအဖွဲ့ ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီးဆိုသည်မှာ** တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရေချိုငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် ကိစ္စအရပ်ရပ်ကို တာဝန်ယူစီမံခန့်ခွဲရသည့် ဝန်ကြီးဌာန၏ ဝန်ကြီးကို ဆို သည်။

(င) **ဦးစီးဌာနဆိုသည်မှာ** တိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူးဆိုသည်မှာ** ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးတို့ကို ဆိုသည်။ ထို့အပြင် ၎င်းတို့မှသက်ဆိုင်ရာဌာန အလိုက် တာဝန်ပေးအပ်သည့် လက်ထောက်ဦးစီးမှူးအဆင့်ထက် မနိမ့်သော ဝန်ထမ်းတစ်ဦးဦးကိုလည်း ဆိုသည်။

(ဇ) **ရေချိုငါးလုပ်ငန်းရေပြင်ဆိုသည်မှာ** ပဲခူးတိုင်းဒေသကြီး၏နယ်နိမိတ်နှင့် ထိစပ်လျှက်ရှိသော ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ပဲခူးတိုင်းဒေသကြီး၏ ကုန်းတွင်းနယ်နိမိတ်အတွင်း တွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိသည်ဖြစ်စေ၊ ငါးများ နေထိုင်ကျက်စား ခိုအောင်းပေါက်ပွား ကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ ဆားမဲ့အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင် ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ကုန်းတွင်း ဒီရေ ရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိရေပြင်များ၊ လိပ်နှင့်မိကျောင်းတို့ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချိုရေငန်စပ်ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်နှင့်ဆက်စပ်သည့်မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏ တစ်ဘက်ကမ်း အစွန်ဆုံးမှ အခြားတစ်ဘက်ကမ်းအစွန်ဆုံးသို့ ဆွဲထားသည့်

မျဉ်းဖြောင့်၏ ဒီရေကျရာဘက် ကုန်းတွင်းပိုင်း ရေပြင်ကို ဆိုသည်။

(ဈ) ရေချိုငါးလုပ်ငန်းနယ်နိမိတ်ဆိုသည်မှာ ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်၊ တင်ဒါငါးဖမ်းကွက်၊ ဘုံငါးဖမ်းကွက်၊ အင်း၊ အိုင်၊ ချောင်းတို့အား ယခင်မူလ(၁၉၉၁ ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ အတည် မပြုမီ ကာလ) အင်း၊ အိုင်၊ ဧရိယာ နယ်မြေသတ်မှတ်ထားသည့် နယ်နိမိတ် အတွင်းကိုဆိုသည်။ (သို့ရာတွင် ဦးပိုင်ရှိသောအစိုးရပိုင်နှင့် ပုဂ္ဂလိကပိုင် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေတို့သည် ရေချိုငါးလုပ်ငန်း နယ်နိမိတ်တွင် အကျုံး မဝင်ပါ)။

(ည) **ငါးဆိုသည်မှာ** ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစိတ်များ ကိုဆိုသည်။

(ဋ) **ရေထွက်ပစ္စည်းဆိုသည်မှာ** ရေပြင်တစ်ခုခုမှရရှိသော ငါး၊ သက်ရှိရေနေသတ္တဝါ များနှင့် ယင်းတို့၏စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အကြေးခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသောငါးနှင့်ရေသတ္တဝါများ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ အခွံမာသတ္တဝါများ၊ ရေညှိ၊ ကျောက်ပွင့်၊ ရေတွင် နေထိုင်သော Insects စသည် တို့လည်း ပါဝင်သည်။

(ဌ) **ငါးလုပ်ငန်းဆိုသည်မှာ** ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ယင်းစကားရပ်တွင်ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွား စေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းခြင်းဆိုသည်မှာ** ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်းပါဝင်သည်။

(ဎ) **ငါးဖမ်းကိရိယာဆိုသည်မှာ** ငါးဖမ်းရာတွင်အသုံးပြုသော ပစ္စည်းကိရိယာကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌အထောက်အကူပြုသော ပစ္စည်း ကိရိယာများလည်း ပါဝင်သည်။

(ဏ) **အခွန်လွတ်ငါးဖမ်းကိရိယာဆိုသည်မှာ** ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေဖြင့် အခွန်ကင်းလွတ်ခွင့်ပြုထားသော ငါးဖမ်းကိရိယာ အမျိုးအစားများကို ဆိုသည်။

(တ) **ယာဉ်ဆိုသည်မှာ** ငါးလုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် စက်တပ်၊ စက်မဲ့ ယာဉ်များ ကိုဆိုသည်။

(ထ) **ဂရန်အင်းဆိုသည်မှာ** ဦးစီးဌာနက နယ်နိမိတ်၊ ငါးမျိုး၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပြုသော ရေပြင်ကိုဆိုသည်။

(ဒ) **နှစ်ရှည်အငှါးဂရန်(ကြေးတိုင်အင်း)ဆိုသည်မှာ** အင်းတိမ်ကောပျက်စီးခြင်းမှ ကာကွယ်နိုင်ရန်နှင့် တစ်နှစ်ပတ်လုံးရေတည်ရှိသော သို့မဟုတ် ရေနေရေထိုင် ကောင်းသောအင်းများတွင် ငါးထုတ်လုပ်မှုရေရှည် ကောင်းမွန်စေရန်အတွက် ဈေးပြိုင် စနစ်ဖြင့် လေလံဆွဲဝယ် ရရှိသည့်နှစ်မပါ (၃)နှစ် (၂)ကြိမ် နှစ်ရှည်လုပ်ကိုင်ခွင့် ပြုပြီး သက်တမ်းကုန်ဆုံးပါက ဈေးပြိုင်စနစ်ဖြင့် လေလံ ပြန်လည်ဆွဲဝယ်ရ မည့်အင်းကို ဆိုသည်။

(ဓ) **သီးသန့်အင်းဆိုသည်မှာ** ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင် တားမြစ်ထားသောရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပြုသော ရေပြင်ကိုဆိုသည်။

(န) **ဘေးမဲ့အင်းဆိုသည်မှာ** ငါးမျိုးမပြုန်းတီးစေရန်နှင့် ငါးမျိုးများပေါက်ဖွားကြီးပြင်း စေရန်အတွက် ငါးဖမ်းဆီးမှုပိတ်ပင်တားမြစ်ထားသော ရေပြင်ကိုဆိုသည်။

(ပ) **ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်း** ဆိုသည်မှာ ငါးလုပ်ငန်းလုပ်ကိုင်လိုသော ဒေသခံများက စုဖွဲ့၍ လုပ်ကိုင်ခွင့်ရသော အင်းကို ဆိုသည်။

(ဖ) **တင်ဒါငါးဖမ်းကွက်ဆိုသည်မှာ** ရေချိုငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာနက နယ်နိမိတ်၊ ငါးဖမ်းကိရိယာ(အမျိုးအစား၊ အရေအတွက်၊ တည်နေရာ၊ အချိန် ကာလ)နှင့်ငါးဖမ်းနည်း စသည့်သတ်မှတ်ချက်များထားရှိ၍ အငှား လိုင်စင်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဗ) **ဘုံငါးဖမ်းကွက်** ဆိုသည်မှာ ရေချိုငါးလုပ်ငန်းရေပြင်အတွင်းတွင် မည်သူမဆို တစ်နိုင်တစ်ပိုင်ငါးရှာဖွေစားသောက်ခွင့်ပြုထားသော ရေပြင်ကိုဆိုသည်။

(ဘ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်ဆိုသည်မှာ** ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ ဘုံငါးဖမ်းကွက်ဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(မ) **အငှားဂရန်ဆိုသည်မှာ** ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီး ဌာနက ထုတ်ပေးသည့်ဂရန်ကို ဆိုသည်။

(ယ) **ပြုပြင်မွမ်းမံခြင်းဆိုသည်မှာ** ငါးများနှင့်ရေထွက်ပစ္စည်းများကို မူလအခြေ အနေမှ တစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှအပ ထုတ်လုပ်ဆောင်ရွက်သည့် အေးခဲခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ် စသည်တို့ကို ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးကြေမှုန့် ပြုလုပ်ခြင်း၊ ငါးနှင့် ရေထွက်ပစ္စည်းများမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများ ပါဝင်သည်။

(ရ) **အအေးခန်းစက်ရုံဆိုသည်မှာ** ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှု စနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။

(လ) **လိုင်စင်ဆိုသည်မှာ** ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန်နှင့် ရေထွက်ပစ္စည်း(ဝယ်ယူခြင်း၊ စုဆောင်းခြင်း၊ ပြုပြင် မွမ်းမံခြင်း)

လုပ်ကိုင်နိုင်ရန် ဦးစီးဌာနက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဝ) **ပြန်အမ်းငွေဆိုသည်မှာ** အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ တိုင်းဒေသကြီး အကျိုးငှာ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝထက် လွန်ကဲသောဘေး အန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ၊ အငှားဂရန် ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည် ရထိုက်သော အခွန်အခငွေကိုဆိုသည်။

(သ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူဆိုသည်မှာ** ဦးစီးဌာနကထုတ်ပေးသည့် အငှား ဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ သို့မဟုတ် ဝယ်ယူ စုဆောင်းခွင့်၊ ပြုပြင်မွမ်းမံလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူကို ဆိုသည်။

(ဟ) **ရေလုပ်သားဆိုသည်မှာ** မည်သည့်ငါးလုပ်ငန်းကိုမဆို အချိန်ပိုင်း၊ အချိန်ပြည့် လုပ်ကိုင်သူကို ဆိုသည်။

(ဠ) **တားမြစ်ထားသောငါးဖမ်းနည်းဆိုသည်မှာ** ဘက်ထရီရေ့ာတိုက်ငါးဖမ်းနည်း၊ အဆိပ်ဆေးချငါးဖမ်းနည်း၊ မိုင်းခွဲငါးဖမ်းနည်းတို့အပြင် ဦးစီးဌာနက အခါ အားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် တားမြစ်ထားသည့်ငါးဖမ်းနည်းတို့ကို ဆိုသည်။

(အ) **ငါးရစ်ငါးသန်တားမြစ်ကာလဆိုသည်မှာ** ကဆုန်၊ နယုန်၊ ဝါဆို(ပထမဝါဆို) လများကို ဆိုသည်။

(ကက) **ငါးဖမ်းကာလဆိုသည်မှာ** အင်းတစ်အင်းချင်း၏ စည်းကမ်းချက်များ အပေါ် မူတည်၍ အောက်ဖော်ပြပါကာလများကိုဆိုလိုသည်-

(၁) ဝါခေါင်လဆန်း(၁)ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ၊

(၂) တော်သလင်းလဆန်း(၁)ရက်နေ့မှ တန်ခူးလပြည့်နေ့အထိ။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ရေချိုငါးလုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်-

(က) ငါးနှင့် ရေထွက်ပစ္စည်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော ငါးနှင့်ရေထွက်ပစ္စည်း များကို ပိုမိုထုတ်လုပ်ခြင်းဖြင့် ငါးစားသုံးမှု မြင့်မားလာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်နှင့် ဒေသငါးမျိုးစိတ်များကို ထိန်းသိမ်းရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များနှင့် ရေချိုငါးလုပ်ငန်းကို အထောက်အကူပြုသော သဘာဝ ပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ ပျက်စီးခြင်းမှကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူများအကြား အငြင်းပွားမှုများ လျော့နည်းစေရန်၊

(စ) အင်းအိုင်လုပ်ငန်းများ ဖွံ့ဖြိုးစေခြင်းဖြင့် ခရီးသွားလုပ်ငန်း အထောက်အကူပြု နေရာဒေသများ ပေါ်ထွက်လာစေရန်၊

(ဆ) ဒေသသယံဇာတဖြစ်သော အင်းအိုင်များကို ဒေသခံများကိုယ်တိုင် ထိုက်သင့်စွာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခွင့် ရရှိစေရန်၊

(ဇ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်စေရန်။

## အခန်း(၃)

## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုပါက သက်ဆိုင်ရာမြို့နယ်အတွင်းမှ ဒေသခံများသာလျှင် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲ ဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်သူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါလိုင်စင် (အိတ်ဖွင့်) ချထားခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာ မြို့နယ်များ အရောက်လေလံတင် ရောင်းချခြင်း သို့မဟုတ် (တင်ဒါလိုင်စင်)ချထားခြင်း ပြုရမည်။

၇။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချခြင်းနှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့တွင် ဥပဒေနှင့်အညီဆောင်ရွက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့် ဂန်ကြီး၏ အတည်ပြုချက် ရယူပြီး အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းပြုရမည်။

၈။ ဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် ငါးလုပ်ငန်းကိုတစ်နှစ်လုပ်ကိုင်ပြီးပါက ဥပဒေ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခဲ့လျှင် သတ်မှတ် နည်းလမ်းများနှင့် အညီ နှစ်ရှည်အငှါးဂရန် (ကြေးတိုင်အင်း) လျှောက်ထားနိုင်သည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့မှအပ ရေချို ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစားတစ်ခုခုဖြင့် လုပ်ကိုင်လိုကြောင်း လျှောက်ထား လာလျှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ထုတ်ပေးရမည်။

၁၀။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထား အသုံးပြုမည့် လုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်၍ အမြန်ဆုံးထုတ်ပေးရမည်။

၁၁။ ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင် ချထားသည့် ကိစ္စတို့တွင် ဒေသခံများက အစုအဖွဲ့ပိုင်အင်းအဖြစ် ကြမ်းခင်းဈေးထက်ပိုသော ဈေးနှုန်းဖြင့် မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေများနှင့် အညီစိစစ်၍ တိုင်းဒေသကြီး ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီးထံတင်ပြပြီး အတည်ပြုချက် ရရှိပါက လုပ်ကိုင်ခွင့်ပြုရမည်။

၁၂။ ဂရန်အင်းတစ်ခုကို အစုအဖွဲ့ပိုင်အင်းအဖြစ် တစ်ဖွဲ့ထက်ပိုသော အဖွဲ့များက လျှောက်ထား လာပါက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၁၃။ လယ်ယာမြေတွင် ငါးမွေးမြူခွင့်လိုင်စင်လျှောက်ထားလာပါက လယ်ယာမြေ အခြား နည်းသုံးစွဲခွင့် မရရှိလျှင် လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းမပြုရ။

၁၄။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်းလုပ်ကိုင်လိုသူသည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင် ဆောင်ရွက်ရမည်။

၁၅။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်လျှင် ရေထွက် ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်းတို့အတွက် လိုင်စင် ထုတ်ပေးနိုင်သည်။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်လျှင် အအေးခန်း စက်ရုံ တည်ထောင်ခြင်းလုပ်ငန်းကို ဝန်ကြီး၏အတည်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးနိုင်သည်။

## အခန်း(၄)
## အခွန်အခပေးဆောင်ခြင်း

၁၇။ ဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့်လေလံကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်းအဖြစ် လုပ်ကိုင်ခွင့်ရရှိသော အင်းခွန်ကို လည်းကောင်း၊ တင်ဒါလိုင်စင်ချ ထားခြင်းခံရသူသည် တင်ဒါခွန်နှင့် လိုင်စင်ခတို့ကို လည်းကောင်း၊ လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက အနီးဆုံးဘဏ်ပြန်ဖွင့်သည့်ရက်တွင် အပြေအကျေပေးဆောင် ရမည်။

၁၈။ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) သို့မဟုတ် သီးသန့်အင်းလုပ်ပိုင်ခွင့်ရရှိသူသည် အခွန်ငွေ များကို ဌာနသို့ သတ်မှတ်ထားသည့်နေ့ရက်အတွင်း ပေးဆောင်ရမည်။ အခွန်ပေး ဆောင်ရန် ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသော အခွန်ငွေများအပြင် သတ်မှတ် ထားသော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၉။ ဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါလိုင်စင်မှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင် တစ်ခုခု တွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး ပေး ဆောင်ရမည်။ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါကအနီးဆုံးဘဏ်ပြန်ဖွင့်သည့် ရက်တွင်အပြေအကျေ ပေးဆောင်ရမည်။

၂၀။ နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း) လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အင်းခွန်နှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် သတ်မှတ်ထားသည့်ကျသင့်ငွေများကို ပေး ဆောင်ရမည်။

၂၁။ ဤဥပဒေအရငါးလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ပါအခွန်အခများကို လက်ငင်း ငွေချေ စနစ်ဖြင့် နေ့ချင်းပြီးပေးဆောင်၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရမည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ခွန်၊

( ခ ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင်ခွန်၊

( ဂ ) ရေလုပ်သားမှတ်ပုံတင်ကြေး။

၂၂။ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်အခ များကို ဘဏ်သို့ သတ်မှတ်ရက်အတွင်း အပြီးပေးဆောင်ရမည်။

၂၃။ အအေးခန်းစက်ရုံ၊ ငါးနှင့်ရေထွက်ပစ္စည်းများပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်ရောင်းချခြင်း တို့ကိုလုပ်ကိုင်ခွင့်ရရှိသူသည် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန်ရှိသော လိုင်စင်ခွန်နှင့် အခြားအခွန်အခများကို ဦးစီးဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

**အခန်း(၅)**

**ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်း**

၂၄။ မိမိတို့ကျေးရွာနယ်နိမိတ် သို့မဟုတ် လယ်ယာမြေများနှင့် ထိစပ်နေသော ဂရန်အင်း၊ တင်ဒါငါးဖမ်းကွက်များအပေါ်တွင် ငါးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အလို့ငှာ ရပ်ရွာအခြေပြုငါးလုပ်ငန်း အစု အဖွဲ့တစ်ဖွဲ့ကို ရပ်ရွာတစ်ခုအား အခြေပြု၍လည်းကောင်း၊ နီးစပ်ရာရပ်ရွာများအား အခြေပြု ၍လည်းကောင်း အဖွဲ့ဝင်ဦးရေ အနည်းဆုံး ၃၀ ဦးဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်နိုင်သည်။

၂၅။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းရာတွင် အဖွဲ့၏စည်းမျဉ်းစည်းကမ်းများကို ရေးဆွဲ၍ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန အဆင့်ဆင့်သို့ တင်ပြပြီး အတည်ပြုချက်ရယူကာ ဖွဲ့စည်းနိုင်သည်။

၂၆။ တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် ကျေးရွာဒေသခံ ရေလုပ်သားများ ပိုမိုပါဝင်လာစေရန် စည်းမျဉ်းစည်းကမ်းခိုင်မာ၍ အမှန်တကယ်ညီညွတ်သော၊ ငါးလုပ်ငန်းဦးစီး ဌာနမှ လက်ခံအတည်ပြုနိုင်သော ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကို ဥပဒေနှင့် ညီညွတ်လျှင် မြို့နယ်တစ်ခုတွင် တစ်ဖွဲ့ဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်။

၂၇။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်လိုသူများက ပုဒ်မ ၂၄နှင့်၂၅ တို့အရရပ်ရွာ အခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းခွင့်လျှောက်ထားလာလျှင် စိစစ်၍ သတ်မှတ်ချက် များနှင့် ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏အတည်ပြုချက်ဖြင့် ဖွဲ့စည်းခွင့်ကို မှတ်ပုံတင်ပေး ရမည်။

၂၈။ အတည်ပြုပြီးဖြစ်သော ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ စည်းမျဉ်းစည်းကမ်းများကို ပြင်ဆင်လိုပါကအဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့်ပြင်ဆင်နိုင်ပြီးသက်ဆိုင်ရာငါးလုပ်ငန်း ဦးစီးဌာန အဆင့်ဆင့်သို့ ပြန်လည်တင်ပြပြီး အတည်ပြုချက် ရယူရမည်။

၂၉။ မြို့နယ်ဦးစီးဌာနမှူးသည် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ ဖွဲ့စည်းလုပ်ကိုင်ရာတွင် လုပ်ကိုင်ခွင့်ရ ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် နယ်နိမိတ်သတ်မှတ်ပေးပြီး စုပေါင်း စီမံခန့်ခွဲမှု အစီအစဉ်များ ရေးဆွဲရန် စီစဉ်ဆောင်ရွက်ပေးရမည်။

၃၀။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြို့နယ်ဦးစီး ဌာနမှူးက ကြီးကြပ်စစ်ဆေး နိုင်သည်။

၃၁။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်း အငြင်းပွားမှုပေါ်ပေါက်ပါက အဖွဲ့၏ ဦးဆောင်သူများက အဖွဲ့ဝင်အများစု၏ဆန္ဒနှင့်အညီ တာဝန်ယူဖြေရှင်းပေးရမည်။

၃၂။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အငြင်းပွားမှုပေါ်ပေါက်ပါက ခရိုင် ဦးစီးဌာနမှူးသည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ ဖြေရှင်းဆောင်ရွက်ပေး နိုင်သည်။

၃၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကို လုပ်ကိုင်ခွင့်ပြုပြီးဖြစ်သော်လည်း အောက်ပါ အခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက မြို့နယ်ဦးစီးဌာနမှူး၏ တင်ပြချက်အရ ခရိုင်ဦးစီးဌာနမှူး သည် တိုင်းဒေသကြီးဦးစီးဌာနမှူးမှတစ်ဆင့်ဝန်ကြီး၏အတည်ပြုချက်ဖြင့် ဖျက်သိမ်း နိုင်သည်–

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင် ဆောင်ရွက်ရန် ဆန္ဒမရှိတော့ခြင်း၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ တစ်ဖွဲ့အတွင်း သို့မဟုတ် အစုအဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြားဆက်လက်လုပ်ကိုင်ခွင့်မပြုသင့်သည့်ပြဿနာတစ်စုံတစ်ရာပေါ်ပေါက် ခြင်း၊

(ဂ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့သည် ငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

## အခန်း(၆)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခများကို အပြေအကျေပေးဆောင်ရန်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များအပြင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ပူးပေါင်းကူညီဆောင်ရွက်ရန်၊

(ဃ) ရေနေသယံဇာတထိန်းသိမ်းရေး၊ ဂေဟစနစ်မပျက်စီးစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(င) အငှားဂရန် လုပ်ကိုင်ခွင့်ရရှိသူသည် ငါးဖမ်းကာလကုန်ဆုံးချိန်မှ ငါးရစ်ငါးသန်တားမြစ်ကာလ စတင်ချိန်နှင့် ငါးရစ်ငါးသန်တားမြစ်ကာလကုန်ဆုံးချိန်မှ ငါးဖမ်းကာလစတင်ချိန် ကြားကာလအချိန်များတွင် အင်းအတွင်းမည်သူမျှ ငါးဖမ်းဆီးခြင်း မပြုရေး ထိန်းသိမ်းစောင့်ရှောက်ရန်၊

(စ) နှစ်ရှည်အငှားဂရန်(ကြေးတိုင်အင်း)အတွင်း ငါးမျိုးစိုက်ထည့်ခြင်း၊ ငါးမျိုးချန်လုပ် မွေးမြူခြင်းများ ဆောင်ရွက်ရန်နှင့် အင်းမပျက်စီးစေရေး ထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဆ) အင်းနယ်နိမိတ်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ဗေဒါ၊ ကြာ၊ ဒိုက်နှင့် အမှိုက်တို့ ရှင်းလင်းခြင်းနှင့် အင်းနယ်နိမိတ် မလျော့ပါးစေရေး တာဝန် ယူ ဆောင်ရွက်ရန်၊

(ဇ) ဒေသခံပြည်သူများ၏ ဒေသသုံးရေယာဉ်များသွားလာမှုအဆင်ပြေစေရေးအတွက်စီစဉ် ဆောင်ရွက်ပေးရန်။

၃၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရှိသည်၊

(ခ) ပြန်အမ်းငွေထုတ်ယူရန် လျှောက်ထားနိုင်ခွင့်ရှိသည်၊

(ဂ) ငါးမျိုးချန်ခြင်း၊ ငါးမျိုးစိုက်ခြင်းတို့ကြောင့်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက်လည်းကောင်း၊ ငါးများအားဖမ်းဆီးရာတွင် ဖမ်းဆီးကာလ ကုန်ဆုံးသော်လည်း အချိန်မလုံလောက်ပါက ကြိုတင်၍ ဌာနသို့ လျှောက်ထားခွင့် ရှိသည်။

၃၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ရပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးပြည့်ဝသည့် မျိုးကောင်းမျိုးသန့်ငါးသားပေါက်များနှင့် သွင်းအားစု များကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနမှ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူ ခွင့်ရှိသည်၊

(ခ) လိုအပ်သည့်နည်းပညာများကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနမှ အကူအညီ ရယူနိုင်သည်၊

(ဂ) အင်းကို ကျူးကျော်ခံရခြင်းနှင့် အခြားကြုံတွေ့နိုင်သည့် အခက်အခဲတို့အတွက် ဦးစီးဌာန၏ အကူအညီကို တောင်းခံနိုင်သည်။

၃၇။ ဘုံငါးဖမ်းကွက်အတွင်း ငါးဖမ်းသူများသည်-

(က) ဥပဒေ၊ နည်းဥပဒေများအပြင် ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) အခွန်ကင်းလွတ်ခွင့်ပြုသည့် ငါးဖမ်းကိရိယာအမျိုးအစားများဖြင့်သာဖမ်းဆီးရမည်၊

(ဂ) တားမြစ်ငါးဖမ်းကာလအတွင်း ငါးဖမ်းခြင်း မပြုရ။

## အခန်း(၇)

## ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၃၈။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာလိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက် နေရာ အသစ်သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) နှစ်ရှည်အငှားဂရန်ချထားခြင်း၊ ဂရန်သက်တမ်းတိုးခြင်း၊

(ဂ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေး စည်းမျဉ်း နှင့်အညီ တင်ပြတောင်းခံသုံးစွဲခြင်း၊

(ဃ) အအေးခန်းစက်ရုံ၊ ငါးနှင့်ရေထွက်ပစ္စည်းများ ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ် ရောင်းချခြင်းတို့ကိုနိုင်ငံခြားသားသို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ကျသင့်သော အခွန်အခများကို ဦးစီးဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ပြုခြင်း။

၃၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန် အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) ဦးစီးဌာန၏ ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ငါးသယံဇာတ ပြန့်ပွားရေး အတွက် ဆောင်ရွက်သော ငါးလုပ်ငန်းများ။

၄၀။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ထုတ် ပေးနိုင်သည်။

၄၁။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အရ သင့်လျော်သောအင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားရယူ၍ ဘေးမဲ့အင်းအဖြစ် သတ်မှတ်နိုင်သည်။

၄၂။ ဝန်ကြီးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် အညီ နိုင်ငံခြားငွေဖြင့် အအေးခန်းစက်ရုံ၊ ငါးနှင့်ရေထွက်ပစ္စည်းများပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်းလုပ်ကိုင်လိုသူ နိုင်ငံခြားသား သို့မဟုတ် အဖွဲ့အစည်း တစ်ရပ်ရပ်က သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားလာလျှင် အစိုးရအဖွဲ့၏သဘော တူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄၃။ ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက တင်ပြလာသည့် သီးသန့်အင်း လုပ်ကိုင်ခွင့်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

၄၄။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည်-

(က) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာ ဌာနများ နှင့် ညှိနှိုင်းပေးခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို သတ်မှတ်ပေးခြင်း။

၄၅။ ဝန်ကြီးသည် ဒေသခံပြည်သူများအကျိုးအတွက် ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်းများကို သတ်မှတ်ခွင့်ပြုနိုင်သည်။

၄၆။ ဝန်ကြီးသည် ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်ရှာဖွေစားသုံးနိုင်ရေးအတွက် ဘုံငါးဖမ်း ကွက်များကို သတ်မှတ်ပေးရမည်။

၄၇။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာလိုအပ်လျှင် မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် သို့မဟုတ် ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်း သို့မဟုတ် ဘုံငါးဖမ်းကွက်ကိုမဆို အသစ်သတ်မှတ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၄၈။ ဝန်ကြီးသည် ဦးစီးဌာနက ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ် ပေးရမည်။

၄၉။ ဝန်ကြီးသည် ဤဥပဒေပါငှင်းနှင့်သက်ဆိုင်သည့် အယူခံခြင်းကိစ္စများကို ဆောင်ရွက်ပေး နိုင်သည်။

၅၀။ ဝန်ကြီးသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စများကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်ဆောင်ရွက် နိုင်သည်။

၅၁။ ဝန်ကြီးသည် စစ်ဆေးရေးမှူးက မိမိ၏တာဝန်ဝတ္တရားထက်ကျော်လွန်သော သို့မဟုတ် မိမိ၏ တာဝန်ဝတ္တရားနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်သောကိစ္စတို့အတွက် သတိပေးခြင်း၊ အရေးယူခြင်းတို့ကို ဆောင်ရွက်ရမည်။

**အခန်း(၈)**

**တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၅၂။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ် ခြင်း၊ နည်းပညာဖြန့်ဝေခြင်းနှင့် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပံ့ပိုး ကူညီ ပေးခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို ဝန်ကြီး၏ ခွင့်ပြု ချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက် အသစ်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း တို့ကို ဝန်ကြီးထံ တင်ပြခြင်း၊

(ဃ) ဂရန်အင်း၏ စည်းကမ်းချက်များပြောင်းလဲခြင်းကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) တားမြစ်ရန်လိုအပ်သည့် ငါးအမျိုးအစား၊ ငါးအရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်း၊ ငါးဖမ်းကာလနှင့် နေရာဒေသတို့ကို သတ်မှတ်ပေးခြင်း၊

(စ) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့်အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များ၊ ဘုံငါးဖမ်းကွက် စည်းကမ်းချက်များကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဆ) ဂရန်အင်း၊ သီးသန့်အင်း၊ ရပ်ရွာအခြေပြုအစုအဖွဲ့ပိုင်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင် ခွင့်ပြုသော ရေပြင်အမျိုးအစားနှင့် ဘုံငါးဖမ်းကွက်တို့ကို ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ရန် ဝန်ကြီးထံ တင်ပြခြင်း၊

(ဇ) အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်လိုသူက လုပ်ငန်းဆောင်ရွက်ခွင့် လျှောက်ထား တင်ပြလာခြင်းကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ စိစစ်၍ ညီညွတ်မှု ရှိပါက ဝန်ကြီးထံတင်ပြပေးခြင်း၊

(ဈ) ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးနှင့် စစ်ဆေးရေးမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ည) ငါးလုပ်ငန်းတွင် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် မျိုးကောင်း၊ မျိုးသန့် ငါးသားပေါက်များနှင့် လိုအပ်သည့်သွင်းအားစုများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရသူများသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဝေပေးခြင်း၊

(ဋ) ဥပဒေ၊နည်းဥပဒေများနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသည့်အင်းကို ကျူးကျော်ခံရခြင်း နှင့်အခြားကြုံတွေ့နိုင်သည့်အခက်အခဲတို့အတွက်လုပ်ကိုင်ခွင့်ရရှိသူက အကူအညီ တောင်းခံ လာလျှင် လိုအပ်သလိုအရေးယူဆောင်ရွက်ပေးခြင်း၊

(ဌ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၅၃။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့် လိုင်စင် အပါအဝင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်များကို ထုတ်ပေးခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် အခြားသူတစ်ဦးတစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကိုလွှဲပြောင်းပေးခြင်း၊ တစ်ဆင့်ပြန်လည် ရောင်း ချခြင်း၊ တစ်ဆင့်လုပ်ကိုင်ခွင့် ပေးခြင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန် ကန်သော နည်းလမ်းဖြင့်ရယူထားကြောင်း စစ်ဆေးတွေ့ရှိခြင်း၊ အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းများ အပါအဝင် စည်းကမ်း ဖောက်ဖျက်ရန် ခိုင်လုံသောအထောက်အထားများရှိကြောင်း စစ်ဆေး တွေ့ရှိပါက ဝန်ကြီးထံအတည်ပြုချက်ရယူ၍ အငှားဂရန် သို့မဟုတ်လိုင်စင် ပြန်လည် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အမည်ပျက်စာရင်းသွင်းခြင်း၊

(ဂ) ဦးစီးဌာနကထုတ်ပေးထားသည့် အငှားဂရန်သို့မဟုတ်လိုင်စင်ပျက်စီး၊ ပျောက်ဆုံး သဖြင့် မိတ္တူရယူလိုကြောင်း ခရိုင်ဦးစီးဌာနမှတစ်ဆင့် လျှောက်ထား သည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့်အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင် မိတ္တူကိုထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် စီမံ ဆောင်ရွက်ခြင်း။

၅၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည်ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသန လုပ်ငန်းများဆောင်ရွက်ရာတွင်လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဦးစီးဌာန၏ ဘဏ္ဍာငွေ အရ၊ အသုံးစာရင်းတွင် ထည့်သွင်းတောင်းခံနိုင်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့် ကိစ္စတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက် နိုင်သည်-

(က) ယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်အခြားသက်သေခံပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ်သိမ်းယူခြင်း ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော် သလို စီမံခန့်ခွဲခြင်း၊

(ခ) ယာဉ်များ၊ ငါးဖမ်းကိရိယာများအား ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကို ဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ထားခြင်း၊

(ဂ) ယာဉ်များ၊ ငါးဖမ်းကိရိယာများကို သင့်လျော်သောဒဏ်ကြေးငွေ ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို တိုင်းဒေသကြီးဘဏ္ဍာငွေအဖြစ် ဘဏ်သို့ ပေးသွင်းစေခြင်း။

၅၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေတွင် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် တစ်ရပ်ရပ်ကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိတစ်ဦးဦးကိုဖြစ်စေ၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်နိုင်သည်။

## အခန်း(၉)
## ပြန်အမ်းငွေလျှောက်ထားခြင်း

၅၇။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းခံရသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ်မှ တစ်ဆင့် ခရိုင်ဦးစီးဌာနမှူးထံသို့ ပြန်အမ်းငွေ လျှောက်ထားနိုင်သည်-

(က) တိုင်းဒေသကြီးအကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝထက်လွန်ကဲသော ဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ကြီးမားစွာ ထိခိုက်နစ်နာခြင်း။

၅၈။ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာလျှင် လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၅၉။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာသည့်ကိစ္စနှင့် စပ်လျဉ်း၍ မှန်ကန်ကြောင်းစစ်ဆေးတွေ့ရှိလျှင် ပုဒ်မ ၄၈ အရ ဝန်ကြီးထံ ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရန် တင်ပြရမည်။

၆၀။ ဝန်ကြီးသည် ပြန်အမ်းငွေထုတ်ပေးရန် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တင်ပြချက်အပေါ် စိစစ်၍ပြန်အမ်းငွေပမာဏသတ်မှတ်ပြီး အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်ပြန်လည်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရမည်။

၆၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏အတည်ပြုချက်ရရှိပါက ပြန်အမ်းငွေထုတ် ပေးရန် အမိန့်ချမှတ်ရမည်။

## အခန်း(၁၀)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၆၂။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည်-

(က) ခွင့်ပြုသည့် အငှားဂရန်၊ နှစ်ရှည်အငှားဂရန်၊ သို့မဟုတ် တင်ဒါလိုင်စင် သက်တမ်းကာလ ကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ နှစ်ရှည်အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ဦးစီးဌာနမှူးက စစ်ဆေးတွေ့ ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိ၏လုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ နှစ်ရှည်အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(င) အမည်ပျက်စာရင်း အသွင်းခံရခြင်း၊

(စ) တားမြစ်ထားသော ငါးဖမ်းနည်းအသုံးပြုခြင်းကြောင့် အရေးယူ အပြစ်ပေးခံရခြင်း၊

(ဆ) ဤဥပဒေအရထုတ်ပေးထားသော လိုင်စင်နှင့်ဂရန်များကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်း လုပ်ကိုင်ခြင်း၊

(ဇ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အတွင်း ကြီးမားသော ပဋိပက္ခဖြစ်ပေါ်ခြင်း။

## အခန်း(၁၁)
## စစ်ဆေးအရေးယူခြင်း

၆၃။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းတို့မှ တာဝန်ပေးအပ် ထားသော စစ်ဆေးရေးမှူး ဦးဆောင်သောအဖွဲ့သည် အောက်ပါစစ်ဆေးခြင်းနှင့် အရေးယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) ရေချိုငါးလုပ်ငန်းရေပြင်အတွင်းရှိ ဂရန်အင်း၊ သီးသန့်အင်း ၊ ဆားမဲ့အင်း၊ ရပ်ရွာ အခြေပြု အစုအဖွဲ့ပိုင်အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် ဘုံငါးဖမ်းကွက်များကို လည်းကောင်း၊ ရေချိုငါးလုပ်ငန်းရေပြင် သို့မဟုတ် အခြားနေရာများတွင်ရှိသည့် ငါးလုပ်ငန်း လုပ်ကိုင်သည့်ယာဉ်များ၊ ငါးဖမ်းကိရိယာများကိုလည်းကောင်း ဂရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့် စာရွက် စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလိုမေးမြန်းခြင်း၊ စစ်ဆေး ခြင်း၊ ညွှန်ကြားခြင်း၊ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သောယာဉ်များ၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွတွေ့ရှိသော သက်သေခံ ပစ္စည်းများကို သက်သေများရှေ့မှောက်တွင် ဌာနမှသတ်မှတ်ထားသော ရာဇဝတ် ပုံစံဖြင့် သိမ်းဆည်းခြင်း၊ ငါးဖမ်းရာတွင် သုံးစွဲခွင့်မရှိသော ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ အဆိပ် အတောက် များ၊

(င) ဓာတုပစ္စည်းများ၊ တားမြစ်ထားသော ငါးဖမ်းကိရိယာများနှင့် အခြားပစ္စည်းများ အား ရာဇဝတ် သိမ်းဆည်းခြင်း၊

(စ) ခွင့်ပြုချက်လိုင်စင်မရှိဘဲ မြေပြင်ခြင်း၊ ဘောင်ပတ်ခြင်းနှင့် ကန်တူးခြင်းကို စစ်ဆေး တွေ့ရှိပါက လုပ်ငန်းရပ်ဆိုင်းစေသည့်အပြင် ပြုလုပ်ထားသည်များကို ပြန်လည် ဖျက်ဆီးစေခြင်း၊

(ဆ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(ဇ) ငါးများနှင့် အခြားလျင်မြန်စွာပုပ်သိုးပျက်စီးနိုင်သည့် သို့မဟုတ် သယ်ယူရန် ခက်ခဲသည့် ပစ္စည်းများဖမ်းဆီးရမိပါက မှတ်တမ်းတင်ပြီး တိုင်းဒေသကြီးဦးစီးမှူးထံ တင်ပြ၍ အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို တိုင်းဒေသကြီးဘဏ္ဍာငွေ အဖြစ် ဘဏ်သို့ ပေးသွင်းခြင်း၊

(ဈ) စစ်ဆေးရေးမှူးသည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူခြင်း။

၆၄။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူး သို့မဟုတ် ၎င်းတို့မှ တာဝန်ပေးအပ် ထားသော စစ်ဆေးရေးမှူး ဦးဆောင်သောအဖွဲ့သည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သော ပြစ်မှုများကို တရားစွဲဆို တင်ပို့ရာတွင် ယင်းပြစ်မှုများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသော ငါးများ၊ ယာဉ်များ၊ ငါးဖမ်းကိရိယာများစသည့် သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တရားရုံးရှေ့မှောက်သို့ တင်ပြရန်အခက်အခဲရှိပါက ယင်းပစ္စည်းများကို မည်သို့စီမံဆောင်ရွက်ထားကြောင်း အစီရင်ခံစာဖြင့်ဖြစ်စေ၊ အခြားစာရွက်စာတမ်း၊ ဓါတ်ပုံ အထောက်အထားဖြင့်ဖြစ်စေ သက်ဆိုင်ရာတရားရုံးသို့ တင်ပြဆောင်ရွက် ရမည်။

## အခန်း(၁၂)
## အယူခံခြင်း

၆၅။ ဤဥပဒေအရ ငါးဖမ်းကိရိယာလိုင်စင်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကို မကျေနပ်ပါက အောက်ပါအတိုင်း အယူခံဝင်ခွင့်ရှိသည်-

(က) မြို့နယ်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးထံ အယူခံနိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊

(ဂ) ပုဒ်မခွဲ(ခ)အရခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို

မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ဃ) ပုဒ်မခွဲ(ဂ)အရ အယူခံရာတွင် တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုအတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်နိုင်သည်။တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၆၆။ ဤဥပဒေအရ အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်များကိုမကျေနပ်ပါက အောက်ပါအတိုင်း အယူခံဝင်ခွင့် ရှိသည်-

(က) ခရိုင်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်၊

တိုင်းဒေသကြီးဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို

(ဂ) မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ဃ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်ထားသည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။ ဝန်ကြီး၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၆၇။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူးများသည် ပုဒ်မ ၆၅ နှင့်ပုဒ်မ ၆၆ အရ ဆုံးဖြတ်သည့်ကိစ္စရပ်များကို နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဆောလျှင်စွာဆောင်ရွက်ရမည့်ပြင် ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များကို သက်ဆိုင်သူထံ အနီးဆုံးရုံးဖွင့်ရက်တွင် အကြောင်းကြားရမည်။

၆၈။ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးဦးစီးဌာနမှူးများနှင့်ဝန်ကြီး၏ အဆင့်ဆင့်သော ဆုံးဖြတ်ချက် များကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မဖြစ်မနေ ဆောင်ရွက်ရမည်။ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနများကို လိုအပ်သောအကူအညီများ တောင်းခံပါက အကူအညီပေးရမည်။

## အခန်း(၁၃)
## တားမြစ်ချက်များ

၆၉။ မည်သူမျှ ဤဥပဒေအရထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက် မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၇၀။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်နှင့် မည်သည့်နေရာတွင်မဆို အောက်ပါတို့ကို မပြု လုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေသောပစ္စည်းဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် အကျိုး ဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းကိရိယာများ တီထွင်ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(ဃ) ခွင့်ပြုချက်လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ရန်အလို့ငှာ မြေပြင်ခြင်း၊ ဘောင်ပတ်ခြင်းနှင့် ကန်တူးခြင်းစသည့် လုပ်ငန်းများလုပ်ဆောင်ခြင်း၊

(င) တားမြစ်ထားသော ငါးမျိုးနှင့် ငါးအရွယ်အစားများကို ဖမ်းဆီးခြင်း သို့မဟုတ် ငါးလုပ်ငန်း လုပ်ကိုင်ခြင်း၊

(စ) တားမြစ်ထားသော ငါးအမျိုးအစားများကို မွေးမြူခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်း၊

(ဆ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်း။

၇၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၇၂။ ဘုံငါးဖမ်းကွက်အတွင်း အခွန်ကင်းလွတ်ခွင့်ပြုသည့် ငါးဖမ်းကိရိယာ အမျိုးအစားများ မှအပ အခြားငါးဖမ်း ကိရိယာအမျိုးအစားများဖြင့် ဖမ်းဆီးခြင်းမပြုရ။

၇၃။ ဤဥပဒေအရ ထုတ်ပေးထားသော လိုင်စင်နှင့်ဂရန်များကို လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။

၇၄။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရပြီးနောက် ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးတို့ကို သတ်မှတ်သည့် ကာလ အတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၇၅။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက် များနှင့် ညီညွတ်ခြင်းမရှိဘဲ ဆည်၊ တမံ၊ ယင်း၊ အပိတ်အဆို့ အတားအဆီး တစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၇၆။ မည်သူမျှ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါငါးဖမ်းကွက် နယ်နိမိတ် အတွင်း အောက်ပါတို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေသည့် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊

(ခ) ရေစီးရေလာပျက်ပြားစေခြင်းနှင့် သဘာဝအခြေအနေ ထိခိုက်အောင် ပြုလုပ်ခြင်း၊

(ဂ) လူနေအိမ်၊ အဆောက်အဦများ ဆောက်လုပ်နေထိုင်ခြင်း။

၇၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါး၊ အခြားရေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတ ပစ္စည်းများအား တစ်နည်းနည်းဖြင့် ထိခိုက်စေခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထု ညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၇၈။ မည်သူမျှ ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါငါးဖမ်းကွက်နှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီး ရေလာလမ်းကြောင်းများတွင်ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေလမ်းကြောင်းကို ပြောင်းလဲခြင်း အပိတ်အဆို့အတားအဆီး တစ်စုံတစ်ရာမပြုလုပ်ရ။

၇၉။ မည်သူမျှအောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်း ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရ-

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဆေးဉပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းများ၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကိုထိခိုက်စေပြီး ဆေးဥပဒ်အန္တရာယ် ဖြစ်စေနိုင်သော ရေထွက်ပစ္စည်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးသော သို့မဟုတ် လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ဓါတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်းများ၊

(ဂ) အလေးချိန်တိုးစေရန် သို့မဟုတ် အရည်အသွေးကို ထိခိုက်စေနိုင်သော ရေ သို့မဟုတ် အန္တရာယ်ဖြစ်စေနိုင်သော အရာဝတ္ထုတစ်ခုခု သို့မဟုတ် ပြင်ပပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်းများ။

၈၀။ မည်သူမျှ ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း(၁၄)
## ပြစ်ဒဏ်များ

၈၁။ မည်သူမဆို ပုဒ်မ ၆၉ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းကို လုပ်ကိုင်ပါက ငွေဒဏ်ကျပ် (၁၀၀၀၀၀ိ/-) အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် သို့မဟုတ် ပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်

(ခ) လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ပါက ငွေဒဏ်ကျပ် (၃၀၀၀၀ိ/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းကိုလုပ်ကိုင်ပါက ငွေဒဏ်ကျပ် (၅၀၀၀၀၀ိ/-)ဖြစ်စေ၊ အနည်းဆုံးထောင်ဒဏ် (၆)လမှ ထောင်ဒဏ် (၃)နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၀(က)(ခ)(ဂ)(ဃ) နှင့် ပုဒ်မ ၇၉ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးထောင်ဒဏ်(၆)လမှ ထောင်ဒဏ် (၃)နှစ်အထိ ကျခံစေရမည်။

၈၃။ မည်သူမဆို ပုဒ်မ ၇၀(င)(စ)(ဆ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးငွေဒဏ် ကျပ်(၁၀၀၀၀ိ/-)မှ ငွေဒဏ်ကျပ် (၂၀၀၀၀ိ/-) အထိဖြစ်စေ၊ အနည်းဆုံးထောင်ဒဏ်(၃)လမှ ထောင်ဒဏ်(၁)နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၄။ မည်သူမဆို ပုဒ်မ ၇၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) ငါးဖမ်းကိရိယာ သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ငွေဒဏ်ကျပ် (၅၀၀၀ိ/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်၊

(ခ) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် သို့မဟုတ် ပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ငွေဒဏ်ကျပ် (၂၀၀၀၀ဝိ/-) အထိဖြစ်စေ၊ ထောင်ဒဏ် (၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက ငွေဒဏ်ကျပ်(၄၀၀၀၀ဝိ/-)ဖြစ်စေ၊ အနည်းဆုံးထောင်ဒဏ် (၆)လမှ ထောင်ဒဏ်(၂)နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၅။ မည်သူမဆို ပုဒ်မ ၇၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ် (၅၀၀၀ဝိ/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၇၃၊ ပုဒ်မ ၇၄၊ ပုဒ်မ ၇၅၊ ပုဒ်မ ၇၆၊ ပုဒ်မ ၇၇ သို့မဟုတ် ပုဒ်မ ၇၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ် (၁၀၀၀၀ဝိ/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၈၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ငွေဒဏ်ကျပ်(၅၀၀၀ဝိ/-)အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၈၈။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းထားသည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ရမည်။

## အခန်း(၁၅)

## အထွေထွေ

၈၉။ ဤဥပဒေအရ တရားစွဲဆိုသည့်အမှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၀။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၉၁။ ဤဥပဒေအရ ဥပဒေနှင့်အညီဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်း မရှိစေရ။

၉၂။ ဦးစီးဌာနသည် ရေချိုငါးလုပ်ငန်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပူးပေါင်း၍ ယခင် ၁၉၉၁ခုနှစ် ရေချိုငါးလုပ်ငန်းဥပဒေ အတည်မပြုမီကာလတွင် တည်ရှိခဲ့သော မြေပုံများအပေါ်တွင်အခြေခံပြီး ခေတ်နှင့်အညီ ပြန်လည်ရေးဆွဲ ပြုစုထားရှိရမည်။

၉၃။ ဤဥပဒေအရ ရရန်ရှိသောအင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် ဒဏ်ကြေးများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့မှတ်ယူ၍ အရကောက်ခံ ရမည်။

၉၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးသည် လိုအပ်သောနည်းဥပဒေ၊စည်းမျဉ်း၊စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေ အတည်ပြုသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း ထုတ်ပြန်ရမည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

၉၅။ ပဲခူးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ (၂၀၁၃ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေး ထိုးသည်။

(ပုံ)ဝင်းသိန်း
ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့